
စိတ်ကူးချိုချိုအနုပညာ



# ရာဇဝင်ထဲက ဖျာပုံ
# ဖျာပုံထဲက သမိုင်း

ဖိုးအောင်လေး

mgyoe.com

ဤဖျာပုံမြို့၏ သမိုင်းစာတမ်းကို ပြုစုတင်ပြရခြင်း၏
ရည်ရွယ်ချက်သည်ပင်လျှင် ကိုလိုနီကျွန်ဘဝ နယ်ချဲ့ဆန့်ကျင်ရေးခေတ်၊
ဖက်ဆစ်တော်လှန်ရေးခေတ်၊ အမျိုးသားလွတ်မြောက်ရေးခေတ်မှ
မျက်မှောက်ခေတ်အထိ ခေတ်အဆက်ဆက် ဖျာပုံမြို့သူမြို့သားတို့၏
နိုင်ငံတော်အတွက် အခြားနိုင်ငံသူနိုင်ငံသားများနည်းတူ
တက်ကြွလှုပ်ရှားပါဝင်ခဲ့သည်များကို မှတ်တမ်းတင်ပေးလိုခြင်းဖြစ်ရာ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်
အခြေအနေ၊ အချိန်အခါအလျောက် ပေါ်ထွက်လာသော
အသင်းအပင်း အဖွဲ့အစည်းများ၏ နောက်ခံအကြောင်းအရာအချို့နှင့်
ယင်းအဖွဲ့အစည်း လှုပ်ရှားမှုများတွင် ဖျာပုံမြို့သူမြို့သားတို့
ပါဝင်ခဲ့သည်များကို အဓိကဦးစားပေး
ရှာဖွေမှတ်တမ်းတင်ပေးထားပါသည်။

မြန်မာရာဇဝင်ထဲတွင် ဖျာပုံမြို့မည်သို့ သန္ဓေတည်ကာ
မည်သို့မွေးဖွားကြီးပြင်းခဲ့ရသည်ကို မှတ်တမ်းတင်ထားသည့်အပြင်
ဖျာပုံမြို့ဖြစ်လာပြီးနောက်ပိုင်း မြန်မာ့သမိုင်းစဉ်တစ်လျှောက်
ဖျာပုံနယ်သူနယ်သားတို့ မည်သို့တက်ကြွလှုပ်ရှား
ပါဝင်ခဲ့သည်ကို ပြုစုပေးထားပါသည်။

သို့ပါ၍ ဤစာတမ်းကို
''ရာဇဝင်ထဲက ဖျာပုံ၊ ဖျာပုံထဲက သမိုင်း''ဟု
အမည်ပေးပါသည်။

ISBN 9789997113849
HIS29
9 789997 113849
2,000.00KS

mgyoe.com

mgyoe.com

ရာဇဝင်ထဲက ဗျာပုံ၊ ဗျာပုံထဲက သမိုင်း။ ဖိုးအောင်လေး
စာမျက်နှာ ၈၃ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
CIP - 959.1282

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဂိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရာဇဝင်ထဲက ဖျာပုံ
# ဖျာပုံထဲက သမိုင်း

ဖိုးအောင်လေး

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်
(၁၀) နှစ်ပြည့်အထိမ်းအမှတ်အဖြစ်
ဂုဏ်ပြုထုတ်ဝေပါသည်။

mgyoe.com

mgyoe.com

# မာတိကာ

– နိဒါန်း (က)

## အပိုင်း (၁)
## ရာဇဝင်ထဲက ဖျာပုံ

၁။ မြန်မာပြည်မြေပုံထဲက ဖျာပုံ ၃
၂။ မွန်အမည်ဝေါဟာရ ဖျာပုံ ၄
၃။ ၁၆ ရာစု ခေတ်ဦးအကြို သမိုင်းကာလ ဖျာပုံ ၅
၄။ ရာဇဝင်ထဲကအစ ပထမ ဖျာပုံ ၅
၅။ သက်လွတ်ချမ်းသာ စေတီတော်တည်ရာ ဖျာပုံ ၆
၆။ ဘိုးတော်ဘုရားမင်းလက်ထက် ဖျာပုံ ၇
၇။ ရွာအုပ်ကြီးအုပ်ချုပ်သည့် ဖျာပုံ ၈
၈။ သာယာဝတီမင်းလက်ထက် ဖျာပုံ ၉
၉။ ပုဂံမင်းလက်ထက် ဖျာပုံ ၁၀
၁၀။ ပဲနင်းကြီး ရုံးစိုက်သည့် ဖျာပုံ ၁၁
၁၁။ အထင်ကရမင်းကျောင်းကြီးနှင့် ဖျာပုံ ၁၁

mgyoe.com

mgyoe.com

၁၂။ နာမည်ကျော် ခရေပင်ဇောက်ထိုးနှင့် ဖျာပုံ ၁၂
၁၃။ ပဒေသရာဇ်ခေတ် ကုန်ကာလ ဖျာပုံ
(သို့မဟုတ်) ရာဇဝင်ထဲက ဖျာပုံ၏နိဂုံး ၁၃

## အပိုင်း (၂)
## ဖျာပုံထဲက သမိုင်း

၁။ ဖျာပုံရွာနှင့် အင်္ဂလိပ်နယ်ချဲ့ပိုင်နယ်မြေ ၁၇
၂။ ဖျာပုံမြို့နှင့် မြို့အုပ်ကြီး ဦးစံသာ ၁၇
၃။ ဖျာပုံမြို့အပါအဝင် အင်္ဂလိပ်လက်အောက်ခံသုံးခွဲခရိုင် ၁၈
၄။ ဖျာပုံမြို့နှင့် နိုင်ငံကျော်ရာမဇာတ် ၁၈
၅။ ဖျာပုံခရိုင်နှင့် ကိုလိုနီခေတ်ဦးကာလ ၁၉
၆။ ဖျာပုံမြို့နယ်၊ ဖျာပုံခရိုင်နှင့်ပတ်သက်သော
ကိုလိုနီခေတ်ဦး ကိန်းဂဏန်းများ ၂၀
၇ ဖျာပုံနှင့် နယ်ချဲ့ဆန့်ကျင်ရေးကာလ ၂၂
၈။ ဖျာပုံအထက(၁)နှင့် ဝိုင်အမ်ဘီအေအသင်း ၂၃
၉။ ဖျာပုံနှင့် မွန်လူမျိုး၊ မွန်စာပေ၊ မွန်စကား ၂၄
၁၀။ ဖျာပုံနှင့် ဓမ္မိကဗလိဒေဝတာပူဇော်ပွဲ ၂၅
၁၁။ ဖျာပုံနှင့်မြန်မာအမျိုးသမီးကုမ္မာရီအသင်း ၂၆
၁၂။ ဖျာပုံ၊ ပထမအကြိမ် ကျောင်းသားသပိတ်နှင့်
အမျိုးသားကျောင်း ၂၆
၁၃။ ဖျာပုံနှင့် ဆရာတော်ဦးဥတ္တမ ၂၇
၁၄။ ဖျာပုံနှင့် ဂျီစီဘီအေ(ခေါ်)မြန်မာအသင်းချုပ်ကြီး ၂၇
၁၅။ ဖျာပုံနှင့် ဂျီစီဘီအေ အကွဲအပြဲ ၂၈
၁၆။ ဖျာပုံနှင့် သမိန်ထော၊ ကျုံကဒွန်းကားလမ်း ၂၉
၁၇။ ဖျာပုံနှင့် လှိုင်၊ ပု၊ ကျော် ဂျီစီဘီအေ ၂၉
၁၈။ ဖျာပုံနှင့် ဂျီစီဘီအေ ဒုတိယအကြိမ်အကွဲအပြဲ ၃၀
၁၉။ ဖျာပုံနှင့် ဗြိတိသျှအစိုးရ၏ ဆိုင်မွန်ကော်မရှင် ၃၀

mgyoe.com

mgyoe.com

၂၀။ ဖျာပုံ၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းနှင့်
မြူနီစီပယ် စာကြည့်တိုက် ၃၁
၂၁။ ဖျာပုံနှင့် တို့ဗမာအစည်းအရုံး ၃၃
၂၂။ ဖျာပုံနှင့် ဆရာစံခေါင်းဆောင်သော
တောင်သူလယ်သမားအရေးတော်ပုံ ၃၄
၂၃။ ဖျာပုံနှင့် ဖျာပုံမြို့ထုတ် မြန်မာ့အာဇာနည်ဂျာနယ် ၃၄
၂၄။ ဖျာပုံနှင့် မြန်မာ့ရုပ်ရှင် ၃၅
၂၅။ ဖျာပုံနှင့် ဒုတိယအကြိမ် တက္ကသိုလ် ကျောင်းသားသပိတ် ၃၆
၂၆။ ဖျာပုံနှင့် ၁၃၀၀ ပြည့်အရေးတော်ပုံအကြိုကာလ ၃၆
၂၇။ ဖျာပုံနှင့် တို့ဗမာအစည်းအရုံး အကွဲအပြဲ ၃၈
၂၈။ ဖျာပုံ၊ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့်
တတိယအကြိမ်ကျောင်းသားသပိတ် ၃၈
၂၉။ ဖျာပုံနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း ၄၀
၃၀။ ဖျာပုံနှင့်နှစ်ခြမ်းကွဲ တို့ဗမာအစည်းအရုံးလှုပ်ရှားမှုများ ၄၁
၃၁။ ဖျာပုံနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ အိုင် အေ) ၄၂
၃၂။ ဖျာပုံနှင့် ဂျပန်ခေတ် အာရှလူငယ်အစည်းအရုံး ၄၄
၃၃။ ဖျာပုံနှင့်ဂျပန်ခေတ် "ဗမာပြည်ဗဟိုအစိုးရအဖွဲ့" ၄၅
၃၄။ ဖျာပုံနှင့် တို့ဗမာဆင်းရဲသားအစည်းအရုံး ၄၅
၃၅။ ဖျာပုံနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင်များ ၄၆
၃၆။ ဖျာပုံနှင့် ဂျပန်ခေတ်ချွေးတပ် ၄၆
၃၇။ ဖျာပုံနှင့် ဖက်ဆစ်တော်လှန်ရေး ကြိုတင်ပြင်ဆင်မှုများ ၄၇
၃၈။ ဖျာပုံနှင့် ဖက်ဆစ်တော်လှန်ရေးကာလ
သမိုင်းဝင် ကဖောင်းတိုက်ပွဲ ၄၈
၃၉။ ဖျာပုံနှင့်ဖက်ဆစ်တော်လှန်ရေး ၄၉
၄၀။ ဖျာပုံနှင့်တော်လှန်ရေးအပြီးကာလ ၅၁
၄၁။ ဖျာပုံနှင့် မြန်မာစာပေကြီးပွားရေးအသင်း ၅၁
၄၂။ ဖျာပုံနှင့် ဒုတိယကမ္ဘာစစ်ပြီးကာလ ၅၂
၄၃။ ဖျာပုံနှင့် လွတ်လပ်ရေးအကြိုတိုက်ပွဲကာလ ၅၃

mgyoe.com

mgyoe.com

၄၄။ ဖျာပုံနှင့် ဗိုလ်ချုပ်အောင်ဆန်း ၅၄
၄၅။ ဖျာပုံနှင့် တိုင်းပြုပြည်ပြုလွှတ်တော် ၅၄
၄၆။ ဖျာပုံနှင့် လွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအချိန် ၅၅
၄၇။ ဖျာပုံနှင့်လွတ်လပ်ပြီး ပါလီမန် ဒီမိုကရေစီခေတ် ၅၅
၄၈။ ဖျာပုံနှင့် ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲများ ၅၇
၄၉။ ဖျာပုံနှင့်တော်လှန်ရေးကောင်စီအစိုးရခေတ် ၅၈
၅၀။ ဖျာပုံနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် အစိုးရခေတ် ၆၀
၅၁။ ဖျာပုံနှင့် နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ အစိုးရခေတ် ၆၁
၅၂။ ဖျာပုံနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ အစိုးရခေတ် ၆၃
၅၃။ ဖျာပုံနှင့် ဖျာပုံတံတား ၆၄
၅၄။ ဖျာပုံနှင့် ဆရာဇော်ဂျီကြေးသွန်းရုပ်တု ၆၅
၅၅။ ဖျာပုံနှင့် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ၆၅
၅၆။ ဖျာပုံနှင့် ပြည်ထောင်စုသမ္မတမြန်မာ
နိုင်ငံတော် အစိုးရခေတ် ၆၆
၅၇။ ဖျာပုံနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ၆၇
၅၈။ ဖျာပုံနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း
အချက်အလက်များ ၆၈
၅၉။ ဖျာပုံနှင့် ၂၀၁၅ ခုနှစ် ပါတီစုံ ရွေးကောက်ပွဲ ၆၉
၆၀။ ဖျာပုံနှင့် ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တု ၇၁
၆၁။ ဖျာပုံနှင့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ ၇၂
– နိဂုံး ၇၉
– စာတမ်းရှင်၏ ကိုယ်ရေးမှတ်တမ်း ၈၂



mgyoe.com

mgyoe.com



# နိဒါန်း

ဖျာပုံမြို့၏ အတိတ်ကဖြစ်ရပ် အကြောင်းအရာများကို "ဖျာပုံရာဇဝင်နှင့် ဖျာပုံသမိုင်း" ဟု အပိုင်းနှစ်ပိုင်းခွဲခြား တင်ပြမည် ဖြစ်ပါသည်။

ရာဇဝင်ဆိုသည်အတိုင်း အုပ်ချုပ်သူပဒေသရာဇ်ဘုရင်များနှင့် ပတ်သက်သောကြောင်းအရာများကသာ အများဆုံး လွှမ်းမိုးနေသဖြင့် အများပြည်သူများ၏ လှုပ်ရှားမှုများ အားနည်းပါသည်။ ဖျာပုံမြို့၏ရာဇဝင်ကို ဖျာပုံမြို့စတင် သန္ဓေတည်ခဲ့သည့် ပဒေသရာဇ်ဘုရင်များလက်ထက်က ဖြစ်ပျက်ခဲ့သောအကြောင်းအရာ ဖြစ်စဉ်များမှ နယ်ချဲ့အင်္ဂလိပ် လက်အောက်သို့ ဖျာပုံမြို့အပါအဝင် အောက်မြန်မာပြည် ကျရောက်ခဲ့သော အဖြစ်အပျက်ကာလအထိ မှတ်တမ်းတင် ပါမည်။ သက္ကရာဇ်အားဖြင့် ခရစ်နှစ် ၁၆ ရာစုဦးပိုင်း (၁၅၃၀) ကာလမှ ၁၉ ရာစုနှစ်လယ် (၁၈၅၂) ကာလအထိ ဖြစ်ပါ သည်။

ဖျာပုံမြို့သမိုင်းကို ထိုကာလမှ ပဒေသရာဇ်ခေတ်ဆုံး၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ ထိုမှ မျက်မှောက်ခေတ် အထိ၊ ခေတ်အဆက်ဆက် ဖျာပုံမြို့၏ လှုပ်ရှားမှုဖြစ်စဉ် ဖြစ်ရပ်များကို မှတ်တမ်းတင်ပါမည်။

mgyoe.com

mgyoe.com



သမိုင်းခေတ်တွင် အများပြည်သူအများ၏ တက်ကြွလှုပ်ရှားမှုများ ပေါ်ပြင်လာခဲ့ပြီး မှတ်တမ်းတင်ရမည့် သမိုင်းဝင်ဖြစ်စဉ် ဖြစ်ရပ်များပြည့်ဝလာခဲ့ပါသည်။ ဤဖျာပုံမြို့၏ သမိုင်းစာတမ်းကို ပြုစုတင်ပြရခြင်း၏ ရည်ရွယ်ချက်သည် ပင်လျှင် ကိုလိုနီကျွန်ဘဝ နယ်ချဲ့ဆန့်ကျင်ရေးခေတ်၊ ဖက်ဆစ်တော်လှန်ရေးခေတ်၊ အမျိုးသားလွတ်မြောက်ရေးခေတ်မှ မျက်မှောက်ခေတ်အထိ ခေတ်အဆက်ဆက် ဖျာပုံမြို့သူမြို့သားတို့၏ နိုင်ငံတော်အတွက် အခြားနိုင်ငံသူနိုင်ငံသားများနည်းတူ တက်ကြွလှုပ်ရှားပါဝင်ခဲ့သည်များကို မှတ်တမ်းတင်ပေးလိုခြင်း ဖြစ်ပါသည်။

ဤစာတမ်းကို ပြုစုရာတွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်အခြေအနေ၊ အချိန်အခါအလျောက် ပေါ်ထွက်လာသော အသင်းအပင်း အဖွဲ့အစည်းများ၏ နောက်ခံအကြောင်းအရာအချို့နှင့် ယင်းအဖွဲ့အစည်းလှုပ်ရှားမှုများတွင် ဖျာပုံမြို့သူမြို့သားတို့ပါဝင်ခဲ့သည်များကို အဓိကဦးစားပေးရှာဖွေမှတ်တမ်းတင်ပေးထားပါသည်။

မြန်မာရာဇဝင်ထဲတွင် ဖျာပုံမြို့မည်သို့ သန္ဓေတည်ကာ မည်သို့မွေးဖွားကြီးပြင်းခဲ့ရသည်ကို မှတ်တမ်းတင်ထားသည့်အပြင် ဖျာပုံမြို့ဖြစ်လာပြီးနောက်ပိုင်း မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖျာပုံနယ်သူနယ်သားတို့ မည်သို့တက်ကြွလှုပ်ရှားပါဝင်ခဲ့သည်ကို ပြုစုပေးထားသည့် စာတမ်းဖြစ်ပါ၍ ဤစာတမ်းကို "ရာဇဝင်ထဲက ဖျာပုံ၊ ဖျာပုံထဲက သမိုင်း" ဟု အမည်ပေးပါသည်။

❒

mgyoe.com


mgyoe.com


# အပိုင်း (၁)
# ရာဇဝင်ထဲက ဖျာပုံ

mgyoe.com

mgyoe.com


# ဖျာပုံမြို့နယ်အခြေပြမြေပုံ



mgyoe.com

mgyoe.com


## မြန်မာပြည် မြေပုံထဲက ဖျာပုံ

ဖျာပုံမြို့နယ်သည် မြန်မာနိုင်ငံ၏ တောင်ဘက်ကျသော ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ရှိပြီး နယ်နိမိတ်အနေဖြင့် အရှေ့ဘက်တွင် ဖျာပုံမြစ်၊ အနောက်ဘက်တွင် ဘိုကလေးမြို့နယ်၊ တောင်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ မြောက်ဘက်တွင် ကျုံတာမြစ်တို့ဖြင့် သတ်မှတ်ထားကာ၊ အရှေ့ဘက်တွင် ဖျာပုံမြစ်ခြားနေသော ဒေးဒရဲမြို့နယ်၊ မြောက်ဘက်တွင် ကျုံတာမြစ်ခြားနေသော ကျိုက်လတ်မြို့နယ်နှင့် အနောက်ဘက်တွင် ဘိုကလေးမြို့နယ်တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော ခရိုင်မြို့တစ်မြို့ ဖြစ်ပါသည်။

ဖျာပုံမြို့နယ်သည် မြန်မာပြည်မြေပုံအရ အရှေ့လောင်ဂျီတွဒ် (၉၅° ၃၀') မှ (၉၅° ၄၅') အကြားနှင့် မြောက်လတ္တီတွဒ် (၁၅° ၃၀') မှ (၁၆° ၃၅') အကြား။ ဖျာပုံမြစ်နှင့် အခြားချောင်းကြီးချောင်းငယ်များဆုံရာ အရပ်၌ အကျယ်အဝန်းအားဖြင့် အရှေ့မှအနောက်သို့ (၁၃.၀၆၈) မိုင်၊ တောင်မှမြောက်သို့ (၂၈.၉၇၇) မိုင်၊ ဧရိယာစတုရန်းမိုင် (၅၈၇.၃၃) မိုင်၊ (၃၇၅၈၉၀) ဧက ကျယ်ဝန်းပါသည်။

ဖျာပုံမြို့သည် မြစ်ဝကျွန်းပေါ်ဒေသသို့ စီးဝင်လာသော ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် ဖျာပုံမြစ်ကို မျက်နှာမူ၍ မြောက်ဘက်တွင် ချောင်းတွင်းကျေးရွာ၊ အနောက်ဘက်တွင် အပြောင်ကျေးရွာ၊ တောင်ဘက်

mgyoe.com

mgyoe.com


တွင် အောက်ကွင်းကြီးကျေးရွာစသော နယ်နိမိတ်လေးရပ်အတွင်း၌ တည်ရှိပြီး အရှေ့မှအနောက်သို့ (၁၀.၀) မိုင်၊ တောင်မှမြောက်သို့ (၃.၅) မိုင်၊ ဧရိယာစတုရန်းမိုင် (၄.၅) မိုင်ကျယ်ဝန်းပါသည်။

ဖျာပုံမြို့နယ်သည် ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး မိုးရေချိန်အနည်းဆုံး (၈၄) လက်မနှင့် အများဆုံး (၁၀၅) လက်မ။ အပူချိန်အနည်းဆုံး (၁၈° C) နှင့် အများဆုံး (၃၉° C) ရှိပါသည်။ ပူအိုက်စွတ်စိုသော်လည်း ပင်လယ်နှင့် နီးကပ်စွာ တည်ရှိသောကြောင့် အပူအအေးမျှတပါသည်။ ပင်လယ်နှင့် (၁၂) မိုင်ကွာဝေးပါသည်။ မြေမျက်နှာပြင်မှာ ညီညွတ်ပြေပြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၉.၃၅) ပေ မြင့်ပါသည်။

## မွန်အမည်ဝေါဟာရ ဗျာပုံ

ဖျာပုံမြို့သည် ရှေးမွန်လူမျိုးတို့နေထိုင်ရာ ဒေသဖြစ်ပါသည်။ "ဖျာပုံ" ဟူသော ဝေါဟာရသည် မြန်မာဝေါဟာရစကားမဟုတ်ဘဲ "ဖျာပုင်" ဟူသော မွန်ဘာသာစကားမှ ဆင်းသက်လာပြီး မြန်မာဝေါဟာရအားဖြင့် "ဖျာ" ဆိုသည်မှာ "ဈေး" ဟု အဓိပ္ပာယ်ရကာ "ပုင်" ဆိုသည်မှာ "ထမင်း" ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ဖျာပုံဟူသည် "ထမင်းဈေး" ဟု အဓိပ္ပာယ်ရပါသည်။

မြို့၏တည်နေရာဒေသသည် ဖျာပုံမြစ်နှင့်အခြားချောင်းကြီးချောင်းငယ်များဆုံရာ၌ တည်ရှိပါသည်။ ထို့ကြောင့် ရှေးအခါက ဖျာပုံမြို့ဖြစ်တည်လာမည့်နေရာ၌ မြစ်ရိုး၊ ချောင်းရိုး၏ အတွင်းပိုင်း အထက်ပိုင်းသို့ သွားရောက်လိုသဖြင့် လှေကြီးလှေငယ်တို့ဖြင့် လာရောက်ကြသော ခရီးသွားတို့သည် အနောက်ဘက်သို့စီးဝင်သောချောင်းဝတွင် ရေကျချိန်နှင့် ကြုံဆုံမိသည့်အခါ ရေစောင့်ကြရပါသည်။ ထိုနေရာသည် ခရီးသွားများ ရေစောင့်ရင်း ထမင်းချက်ပြုတ်စားသောက်ကြရသော စခန်းဖြစ်၍ မွန်ဘာသာဖြင့် "ထမင်းဈေး" ဟု ဥပစာတင်စားခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ ထမင်းရောင်းသောဆိုင်လည်း မဟုတ်၊ ထမင်းဈေးလည်း မဟုတ်ပါ။ ရှေးမွန်လူမျိုးတို့သည် ထမင်းရောင်းသည့်ထုံးစံမရှိဟု သိရပါသည်။ ခရီးသွားများ၊ ဈေးသည်များ ခရီးတစ်ထောက်နားကြသည့် ချောင်းဝစခန်းမှ ဖျာပုံရွာ၊ ဖျာပုံမြို့ဟူ၍ တဖြည်းဖြည်းတိုးတက်လာခြင်း ဖြစ်ပါသည်။ ယင်းမူလခရီးတစ်ထောက်နား

mgyoe.com

mgyoe.com


ရာ ချောင်းဝစခန်းနေရာသည် ယခုကာလ "အပြောင်ကျေးရွာ" တည်နေသော နေရာဖြစ်ပါသည်။

## ၁၆ ရာစုခေတ်ဦး အကြိုသမိုင်းကာလ ဖျာပုံ

ဖျာပုံဖြစ်လာမည့်ဒေသသည် မြန်မာဘုရင် တောင်ငူမင်းဆက် တပင်ရွှေထီးမင်းခေတ်အထိ မထင်ရှားလှသော ဒေသတစ်ခုမျှသာ ဖြစ်ပါသည်။ ထိုအချိန်က အောက်မြန်မာပြည် ရာမညတိုင်း၊ မွန်သုံးရပ်တွင်ပါဝင်သော ဒေသဖြစ်ခဲ့၍ ခရိုင်အတွင်း မြို့ရွာများစွာတို့၏အမည်များသည် မွန်အမည်များဖြစ်ကြပါသည်။ မွန်လူမျိုးတို့ အများဆုံးနေထိုင်ကြရာ ဒေသလည်း ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် (၈၉၂) ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၆ ရာစု (၁၅၃၀) ပြည့်နှစ်၊ တောင်ငူမင်းဆက်၊ တပင်ရွှေထီးမင်းနန်းတက်ကာလတွင် မွန်လူမျိုးတို့၏ အောက်မြန်မာပြည် ရာမညတိုင်း ဟံသာဝတီကို မြန်မာနှစ် (၈၉၇) ခရစ်နှစ် (၁၅၃၅) ၌ ချီတက်တိုက်ခိုက်သိမ်းပိုက်သည့် အရေးတော်ပုံ အချိန်အခါလောက်မှစ၍ ဖျာပုံအမည်ခံမြစ်ကမ်းဆိပ်ချောင်းရှေ့၌ တစ်စတစ်စ ကျွန်းနုမြေပေါ်လာခဲ့ပါသည်။ အနောက်ဘက်မှ အရှေ့ဘက်သို့ တဖြည်းဖြည်းပေါ်လာသည့် ကျွန်းနုမြေပေါ်တွင် လယ်လုပ်ယာခုတ်ကြသော မွန်လူမျိုးတို့အနည်းငယ် နေထိုင်လာသည်မှ ကျွန်းနုမြေကျယ်ဝန်းသလောက် အိမ်ခြေတိုးပွားလာခဲ့ပါသည်။

ထိုသို့ ကာလအတော်ကြာ နေထိုင်လာကြရာမှ "ရွာ" ဟူ၍ခေါ်ရလောက်အောင် အိမ်ရာစည်ကားလာသော်လည်း "ရွာ" ဟူသော အမှတ်နှင့် အုပ်ချုပ်သောမင်း၊ အစိုးရတို့က အသိအမှတ် မပြုကြရသေးပါ။ အိမ်ခြေစုမျှလောက်သာ ရှိပါသေးသည်။ မထင်ရှားသေးသော ဒေသတစ်ခုမျှသာ ဖြစ်ပါသည်။ ထိုကာလကို "ဖျာပုံရွာ" ဟူ၍ပင် စတင်တည်ထောင်နိုင်ခြင်းမရှိသေးသည့် မှတ်တမ်းမရှိသော "အကြိုသမိုင်း" ကာလဟု ခေါ်ရပါမည်။

## ရာဇဝင်ထဲက အစပထမ ဖျာပုံ

တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညိုရေးသားပြုစုသော

mgyoe.com

mgyoe.com


"မဟာရာဇဝင်သစ် (တောင်ငူခေတ်)" ပေမူတွင် မွန်တို့ဌာနေ ပဲကူး (ပဲခူး) ကို တပင်ရွှေထီးမင်းနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ စစ်ချီတက် တိုက်ခိုက်သည့်နှစ်ကို မြန်မာနှစ် (၈၉၇)၊ ခရစ်နှစ် (၁၅၃၅) ဟု ဖော်ပြပါ သည်။ ထိုအချိန်လောက်တွင် စစ်ပြေးမွန်ဘုရင်တစ်ပါးဖြစ်သည့် ဟံသာဝတီ မွန်မင်းဆက် (၁၁) ဆက်မြောက်ဖြစ်သော သုရှင်တကာရွတ်ပိ၏ မိဖုရားကြီး တလဗရော်သမီး (တလ–ဗြဲသို) သည် ဖျာပုံနယ်ဘက်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ပါသည်။

မိဖုရားကြီးသည် ဖျာပုံအရှေ့ဘက်ကမ်း (ယခု ဒေးဒရဲမြို့နယ်) မရမ်း ကုန်းနေရာတွင် စခန်းပြု၍ ပုန်းအောင်းနေစဉ် မြန်မာနှစ် (၈၉၉) ခရစ်နှစ် (၁၅၃၇) ၌ မရမ်းကုန်းတွင် "ကျိုက်ဟွန်ပရော်" (အသက်ကယ်ဘုရား) ဟု အမည်ရသော "မရမ်းဘုရား" ကို တည်ထားကိုးကွယ်ခဲ့ပါသည်။

### သက်လွတ်ချမ်းသာ စေတီတော်တည်ရာ ဖျာပုံ

"မရမ်းဘုရား"(ကျိုက်ဟွန်ပရော်) တည်ထားကိုးကွယ်သောခုနှစ်တွင် ပဲခူးကို တပင်ရွှေထီးမင်းသိမ်းပိုက်မိသဖြင့် ဖျာပုံအရှေ့ဘက်ကမ်း မရမ်းကုန်း နေရာတွင် စခန်းပြု၍ ပုန်းအောင်းနေသော မွန်မိဖုရားကြီးသည် ဖျာပုံမြစ်ကို ဖြတ်ကူးခဲ့ပြီး နေရာသစ်ပြောင်းယူခဲ့ပါသည်။

ဖျာပုံဘက်ကမ်းအရောက်တွင် မိဖုရားကြီးသည် ဖျာပုံမြစ်ကမ်းထိပ် အငူတွင် "ကျိုက်ဂမ္ဗွမ် (ကျိုက္ကမ္ဗွမ်)"(သက်လွတ်ချမ်းသာ) အမည်ရှိ စေတီ တော်ကို တည်ထားကိုးကွယ်ခဲ့သည်ဟု ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးသော ဖျာပုံရာဇဝင်မှတ်တမ်း လက်ရေးစာမူတွင် မှတ်တမ်းတင်ထားပါသည်။

ယခုအခါ ဖျာပုံမြို့၏ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်သော လိပ်ဥကုန်း ကျိုက္ကမ္ဗွမ်သက်လွတ်ချမ်းသာစေတီတော်မြတ်သည် ဖော်ပြပါ သမိုင်းအထောက်အထားများအရ မြန်မာနှစ် (၉၀၀)၊ ခရစ်နှစ် (၁၅၃၈) ဝန်းကျင်တွင် ဖျာပုံ၌ ပထမဆုံး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ် သည်ဟု ဆိုရပါမည်။

မွန်မိဖုရားကြီးသည် ဖျာပုံတွင် လိပ်ဥကုန်းကျိုက္ကမ္ဗွမ်စေတီတော်ကို တည်ထားပြီးနောက်တွင် ဖျာပုံတောင်ဘက် သမိန်ဆွေ (သမိန်ထော) အရပ်

mgyoe.com

mgyoe.com




သို့ ပြောင်းရွှေ့ခဲ့ပြီး သမိန်ထောကုန်းတန်းအရပ်တွင် "ကျိုက္ကနွမ်း (အောင်တော်မူ)" စေတီတော်ကို မြန်မာနှစ် (၉၁၂)၊ ခရစ်နှစ် (၁၅၅၀) တွင်လည်းကောင်း၊ ယင်းနောက် ကြံ့ကဒွတ် (ကျုံကဒွန်း) အရပ်သို့ ထပ်မံပြောင်းရွှေ့ခဲ့ပြီး ကျုံကဒွန်းကမာပိုအရပ်တွင် "ကမာပုင် (ထမင်းကန်)" စေတီတော်တစ်ဆူကိုလည်းကောင်း ထပ်မံတည်ထားကိုးကွယ်ခဲ့ပါသည်။ မွန်မိဖုရားကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတော်လေးဆူစလုံးသည် အမျိုးအစားတူ၊ ပုံစံတူများဖြစ်ကြပြီး စေတီတော်တစ်ဆူနှင့်တစ်ဆူ အကွာအဝေးသည် တာ (၄၀၀၀)၊ မြန်မာအတိုင်းအထွာ (၄) တိုင် (ယခုခေတ်အသုံး ၈ မိုင်) ခန့်ကွာဝေးသည်ဟု အဆိုရှိပါသည်။

### ဘိုးတော်ဘုရားမင်းလက်ထက် ဖျာပုံ

မြန်မာနှစ် (၁၁၃၈)၊ ခရစ်နှစ် (၁၇၇၆) လောက်တွင် အနောက်ဘက်မှ အရှေ့ဘက်သို့ တဖြည်းဖြည်း ကျွန်းနုမြေပေါ်လာသည့် ဖျာပုံမြေသည် ယခုကာလ ဒုတိယလမ်းဟု ခေါ်တွင်သောနေရာအထိ လမ်းတစ်လမ်းအဖြစ် ပေါ်နေခဲ့ပြီဟု မှတ်တမ်းများအရ သိရပါသည်။

mgyoe.com

mgyoe.com


မြန်မာနှစ် (၁၁၄၃)၊ ခရစ်နှစ် (၁၇၈၂) တွင် ကုန်းဘောင်မင်းဆက် (၆) ဆက်မြောက် ဗဒုံမင်း (ခေါ်) ဘိုးတော်ဘုရားမင်းနန်းတက်ပါသည်။ ထိုမင်းလက်ထက်တွင် နိုင်ငံတော်အတွင်း ကျေးလက်ရွာငယ်မကျန် လူဦးရေ၊ စီးပွားရေး၊ အခွန်၊ အလေး၊ တင်း၊ တောင်း၊ အမှတ်အတိုင်း အထွာများကို စစ်တမ်းကောက်ခံခဲ့ပါသည်။ ဘုရင့်အမိန့်တော်နှင့်အညီ စည်းစနစ်ကျ အောင် စီမံတော်မူစေပါသည်။ ထို့အပြင် နိုင်ငံတော်အတွင်း၌ နယ်ခြား သတ်မှတ်၍ နယ်မြေပုံတော်ရေးဆွဲစေပြီးလျှင် ခရိုင်အသီးသီး ခွဲခြားလျက် ခရိုင်ဝန်များ ခန့်အပ်အုပ်ချုပ်စေခဲ့ပါသည်။

မြန်မာနှစ် (၁၁၅၇)၊ ခရစ်နှစ် (၁၇၉၅) တွင် ဘိုးတော်ဘုရားသည် အောက်မြန်မာပြည်ဖြစ်သော မွန်တို့နေရာ ရာမညတိုင်းအတွက် ဒဂုံမြို့ (ရန်ကုန်မြို့) တွင် "ဦးကျော်ရွှေ" ဆိုသူကို မြို့ဝန်အဖြစ် ခန့်ထားခဲ့ပါသည်။ မြို့ဝန်ဦးကျော်ရွှေသည် ရာမညတိုင်းကို ဒဂုံခရိုင်၊ ဟံသာဝတီခရိုင်၊ မုတ္တမ ခရိုင်၊ ဒလခရိုင်စသည်ဖြင့် ခရိုင်လေးခရိုင်ခွဲခြားပြီးလျှင် ခရိုင်ဝန်အသီးသီး ခန့်ထားအုပ်ချုပ်ခဲ့ပါသည်။ ထိုအချိန်က "ဖျာပုံရွာ" သည် ဒလခရိုင်တွင် ပါဝင်လျက် ရှိပြီး ရွာကြီးတစ်ရွာအနေဖြင့် စစ်ဆေးမှတ်သားဖော်ပြထား သည်မှာ အိမ်ခြေ (၃၀၀) ကျော် (၄၀၀) ခန့်ဖြင့် စည်ကားလျက် ရှိနေခဲ့ပါပြီ။

## ရွာအုပ်ကြီးအုပ်ချုပ်သည့် ဖျာပုံ

ခရိုင်ဝန်မင်းသည် ရွာခြေစာရင်းနှင့် အိမ်ခြေစာရင်းများ သတ်မှတ် ကောက်ယူပြီး ထိုရွာရှိ လူအများထဲမှ လက်ရှိအခြေအနေအရ အမျိုးအနွယ် နှင့် ဆွေအားမျိုးအား တောင့်တင်းသူ၊ ပညာအရည်အချင်းနှင့် အကျင့်စာရိတ္တ အားဖြင့် ကောင်းသူကို ရွေးချယ်စိစစ်ကာ "ရွာအုပ်" အဖြစ် ခန့်အပ်အုပ်ချုပ် စေခဲ့ပါသည်။ ဒလခရိုင်ဝန်မင်းသည် "ဦးဖား" ဆိုသူကို "ဖျာပုံရွာအုပ်ကြီး (ရွာသူကြီး)" အဖြစ်ခန့်အပ်ပြီး ရွှေပုရပိုက်စာရင်းတင် သွင်းမှတ်သားခဲ့ပါ သည်။ ရွှေပုရပိုက်စာရင်းဝင် အမှုထမ်းသည် ကျေးတော်မျိုး၊ ကျွန်တော်မျိုး အဖြစ် ကျမ်းသစ္စာကျိန်ဆိုရပြီး မျိုးနွယ်စဉ်ဆက် အဖအရာကို သားများက ဆက်ခံခွင့်ရရှိကြပါသည်။ ဖျာပုံရွာအုပ်ကြီး ဦးဖားသည် အမြော်အမြင် ဆင်ခြင်တုံတရားနှင့် ပညာဗဟုသုတပြည့်စုံသူဖြစ်ခြင်းကြောင့် ဖျာပုံရွာကို

mgyoe.com

mgyoe.com


ဘိုးတော်ဘုရားမင်း လက်ထက်မှစ၍ စည်ကားသာယာလာရန် တည်ထောင်စောင့်ရှောက်လာခဲ့သူဖြစ်ပါသည်။

## သာယာဝတီမင်းလက်ထက် ဖျာပုံ

မြန်မာနှစ် (၁၁၉၉)၊ ခရစ်နှစ် (၁၈၃၇) တွင် ကုန်းဘောင်မင်းဆက် (၈) ဆက်မြောက်၊ သာယာဝတီမင်း နန်းတက်ပါသည်။ သာယာဝတီမင်းသည် အထွတ်အထိပ်သို့ရောက်ပြီး ၆ စက်တင်ဘာ ၁၈၄၁ ခုနှစ်တွင် မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးကြီး၊ မတ်ကြီး၊ စစ်ဗိုလ်၊ စစ်သား စသော အခြွေအရံများဖြင့် ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကြည်ညိုရန် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်နှင့် ကြေးခေါင်းလောင်းတော်ကြီး သွန်းလုပ်လှူဒါန်းရန်တို့အတွက် ဥက္ကလာပအမည်တွင်သော ဒဂုံမြို့ (ရန်ကုန်မြို့) သို့ ပြည်ကြီးမွန်ဖောင်တော်ဖြင့် အမရပူရရွှေနန်းတော်မှ စုန်ဆင်းတော်မူလာခဲ့ရာ ၂ အောက်တိုဘာ ၁၈၄၁ ခုနှစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိတော်မူလာခဲ့ပါသည်။ ရန်ကုန်မြို့ရောက် သာယာဝတီမင်းကို ဖျာပုံရွာမှ မွန်လူမျိုးတို့၏ တူရိယာဖြစ်သော "ဒေါ" ဟုခေါ်သည့် အတီး တစ်မျိုးဖြင့် သွားရောက်သီဆိုဖျော်ဖြေပြီး အမှုတော်ကို ထမ်းဆောင်ကြရပါသည်။

သာယာဝတီမင်းသည် မွန်လူမျိုးတို့၏ ထိုဖျော်ဖြေခြင်းအစီအစဉ်ကို လွန်စွာသဘောကျနှစ်ခြိုက်တော်မူခဲ့သလို မွန်တို့ဌာနေကိုလည်း နှစ်ခြိုက်တော်မူခဲ့သဖြင့် ရန်ကုန်မြို့တွင် (၄) လနီးပါး ခန့်စံနေတော်မူခဲ့ပါသည်။

သာယာဝတီမင်း ရန်ကုန်မြို့တွင် ယာယီစံနေတော်မူစဉ်ကာလအတွင်း သာယာဝတီမင်းနှင့်အတူ ပါလာခဲ့ကြသော မြန်မာဂီတပညာရှင်များဖြစ်သည့် မြဝတီမင်းကြီးဦးစက "စိန်ချယ်ညီးလင်းရောင်နှယ်" အစချီ ဥက္ကလာပပြန် မွန်သံစဉ်သီချင်းကိုလည်းကောင်း၊ ပြင်စည်မင်းသားက "တလိုင်းကြာစေ့ကောက်" သီချင်းကြီးကိုလည်းကောင်း သီကုံးစပ်ဆိုပြီး သာယာဝတီမင်းကို ဆက်သသီဆိုတီးမှုတ်ပြခဲ့ကြပါသည်။ အလားတူ မွန်ဂီတသံစဉ်ကိုယူပြီး အခြားသီချင်းကြီးများကိုလည်း စပ်ဆိုခဲ့ကြပါသေးသည်။

ထိုသီချင်းနှစ်ပုဒ်အပါအဝင် မြန်မာသီချင်းကြီးများ သီဆိုတီးမှုတ်တတ်ကျွမ်းလိုသူ အနုပညာရှင်များမှန်လျှင် တလိုင်း (၁၂) ခန်း (သို့မဟုတ်)

mgyoe.com

mgyoe.com


တလိုင်းသီချင်းကြီး (၁၀) ပုဒ်ကို မြတ်မြတ်နိုးနိုး သင်ယူဆည်းပူးတတ်မြောက်ကြရမြဲဖြစ်ပါသည်။ ဤသီချင်းကြီးများသည် မွန်ဂီတသံစဉ်ကို ရယူသီကုံးထားသော သီချင်းများဖြစ်ကြပါသည်။ သို့ဖြစ်၍ သာယာဝတီမင်း၏ ရန်ကုန်ခရီးစဉ်သည် ဖျာပုံရွာရှိ မွန်တို့အပါအဝင် မွန်လူမျိုးတို့၏ စာပေ ဂီတအနုပညာအဆင့်အတန်းကို ပြသနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

သာယာဝတီမင်းသည် ၂၂ ဇန်နဝါရီ ၁၈၄၂ ခုနှစ်တွင် နေပြည်တော်သို့ပြန်လည်ကြွချီတော်မူသောအခါ မွန်တူရိယာအမှုထမ်းများကို နေပြည်တော်သို့ လိုက်ပါအမှုတော်ထမ်းရွက်စေခဲ့ပါသည်။ ထိုအခါ ဖျာပုံရွာသား "ဦးရွှေပေါ်" ဆိုသူ မွန်အမျိုးသားတစ်ဦးသည် တူရိယာအဖွဲ့နှင့်အတူ နေပြည်တော်သို့ လိုက်ပါသွားခဲ့ပါသည်။ သာယာဝတီမင်းသည် ၁၄ မတ် ၁၈၄၂ ခုနှစ်တွင် အမရပူရနေပြည်တော်သို့ ပြန်လည်ရောက်ရှိသည့်အခါ ဦးရွှေပေါ်သည် အိမ်ရှေ့စံပုဂံမင်းသားကြီးအိမ်တော်တွင် ဝင်ရောက်အမှုထမ်းခွင့်ရခဲ့ပါသည်။ အိမ်ရှေ့စံပုဂံမင်းနှင့် မိဖုရားတို့က ဦးရွှေပေါ်ကို ချစ်မြတ်နိုးစွာ သွန်သင်ဆုံးမ၍ ကျွန်တော်ရင်း၊ လူယုံတော်အဖြစ် အသုံးပြုခဲ့ကြပါသည်။

ဖျာပုံရွာသည် သာယာဝတီမင်းလက်ထက်တော်မှာပင် စည်ကားလာသည့်အပြင် နေပြည်တော်သို့တက်ရောက်အမှုတော်ထမ်းသူများပင် တစ်စတစ်စ များပြားခရီးပေါက်ခဲ့ကြပါသည်။

## ပုဂံမင်းလက်ထက် ဖျာပုံ

မြန်မာနှစ် (၁၂၀၈)၊ ခရစ်နှစ် (၁၈၄၆) တွင် ကုန်းဘောင်မင်းဆက် (၉) ဆက်မြောက် ပုဂံမင်းနန်းတက်ပါသည်။ ပုဂံမင်းလက်ထက်တွင် ဖျာပုံရွာအုပ်ကြီး ဦးဖားသည် အသက်အရွယ်ကြီးလာပြီဖြစ်၍ အမှုတော်ကို ထမ်းရွက်ရာတွင် လစ်ဟင်းပျက်ကွက်မည်ကို စိုးရိမ်ကာ ကာကွယ်မှုသဘောဖြင့် မိမိ၏ ပထမသမီးကြီးဒေါ်လုပ်၏ခင်ပွန်း (သားသမက်) ဦးရွှေအောင်ကို ရွာအုပ်ကြီးရာထူး လွှဲအပ်ခန့်ထားခဲ့ပါသည်။

mgyoe.com

mgyoe.com


## ပဲ့နင်းကြီးရုံးစိုက်သည့် ဖျာပုံ

ပုဂံမင်းအထွတ်အထိပ်ရောက်ပြီးနောက် နန်းတွင်းလေ့တော်အမှုထမ်း၊ အသုံးတော်ခံ၊ အိမ်တော်ပါ ဖျာပုံရွာသားဦးရွှေပေါ်ကို နန်းတွင်းအပျိုတော် လက်ရွေးစင်တတ်သိကျွမ်းကျင်သူတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးခဲ့ပြီး ပဲ့နင်းတို့အစီးအနင်းအဆောင်အယောင်တို့နှင့်တကွ "ပဲ့နင်းကြီး" ရာထူးခန့် အပ်၍ လေ့တော်အမှုထမ်းအဖွဲ့နှင့် ဖျာပုံရွာသို့စေလွှတ်ကာ ပဲ့နင်းရုံးစိုက် စီမံခန့်ခွဲစေခဲ့ပါသည်။ ထိုအခါမှစ၍ ဖျာပုံရွာသည် ရွာအုပ်ကြီးအုပ်ချုပ်ရာ ရွာကြီးအဖြစ်မှ ပဲ့နင်းကြီးရုံးစိုက်ရာ "မြို့" အဖြစ်သို့တိုး တက်အဆင့်မြင့် ခဲ့ပါသည်။

## အထင်ကရ မင်းကျောင်းကြီးနှင့်ဖျာပုံ

မြန်မာနှစ် (၁၂၀၈)၊ ခရစ်နှစ် (၁၈၄၆) တွင် နန်းတက်သော ပုဂံမင်း သည် ပဲ့နင်းကြီးဦးရွှေပေါ်ကို မြို့သစ်ရုံးစိုက်ရာ၌ မင်္ဂလာလည်းရစေ၊ နယ်သူ နယ်သားများလည်းကြည်ညိုသဒ္ဓါ ကုသိုလ်တရားပွားများလေစေဟူသော ရည်ရွယ်ချက်ဖြင့် မိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးကြီး၊ မတ်ကြီးတို့မှသာ ဆောက်လုပ်လှူဒါန်းနိုင်ကောင်းသော ကောင်းမှုတော်ကျောင်းကြီးတစ်ကျောင်း ကို ဆောက်လုပ်လှူဒါန်းရန် အထူးအခွင့်အရေးပေးသနားတော်မူခဲ့ပါသည်။



mgyoe.com

mgype.com


ထိုအခွင့်အရေးမှာ ပုဂံမင်းက ပဲ့နင်းကြီးဦးရွှေပေါ်ကို ဘုရင်၏ ခွင့်ပြုမိန့်ဖြင့် ဘုရင်ကိုတော်ဆက်၍ထားသော ဘုရင်သုံးကျွန်းတိုင်ကြီးများ အပါအဝင် ဗိသုကာလက်သမား၊ ပန်းပုဆရာ၊ ပန်းပဲဆရာ၊ သစ်စေး တိုက်သွင်းဆရာများကို အပြည့်အစုံတစ်ပါတည်း ခေါ်ဆောင်စေပြီး သစ်ဖောင်များဖြင့် ဘုရင့်နေပြည်တော်မှ ဖျာပုံမြို့သို့ သွားရောက်ကာ ဘုန်းကြီးကျောင်းတစ်ကျောင်းကို တစ်နှစ်အတွင်း အပြီးစီးဆောက်လုပ် လှူဒါန်းစေပါသည်။

ဘုရင်၏ ခွင့်ပြုမိန့်၊ ဘုရင်ပိုင်ပစ္စည်းများကို အသုံးပြု၍ ဆောက်လုပ်ခဲ့သော ဘုန်းတော်ကြီးကျောင်းဖြစ်သဖြင့် "မင်းကျောင်း" ဟု အမည်တွင်ခဲ့ဟန်ရှိပါသည်။ မွန်လူမျိုး ပဲ့နင်းကြီးဦးရွှေပေါ်သည် ဖျာပုံမင်းကျောင်းကြီး၏ မူလပထမကျောင်းဒါယကာကြီး ဖြစ်ပါသည်။

မြန်မာနှစ် (၁၂၀၈)၊ ခရစ်နှစ် (၁၈၄၆) မှစတင်ဆောက်လုပ်ခဲ့သော မင်းကျောင်းကြီးကို ပဲ့နင်းကြီးဦးရွှေပေါ်၏ မျိုးရိုးစဉ်ဆက် ဆက်လက် ပြုပြင်ဆောက်လုပ်လှူဒါန်းလာခဲ့ကြရာ နှစ်ပေါင်း (၁၆၀) ခန့်ကြာခဲ့သည့်တိုင် ယနေ့အချိန်အထိ ဖျာပုံမြို့၏ အထင်ကရ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအဖြစ် တွေ့နေရဆဲဖြစ်ပါသည်။

## နာမည်ကျော် ခရေပင်ဖောက်ထိုးနှင့်ဖျာပုံ

မင်းကျောင်းကြီးသည် ဖျာပုံမြို့၏ အထင်ကရအဆောက်အအုံကြီးဖြစ်သလို ခရေပင်ဖောက်ထိုးသည်လည်း ဖျာပုံမြို့ကို နာမည်ကျော်ကြားလူသိများစေသော အထိမ်းအမှတ်ဖြစ်ပါသည်။

မင်းကျောင်းကြီး၏ ပရဝုဏ်အတွင်း၌ ခရစ်နှစ် (၁၈၈၀) ပြည့်နှစ်နှင့် (၁၈၉၀) ပြည့်နှစ်ကာလအတွင်းလောက်မှစ၍ ပေါက်ရောက်ခဲ့သည်ဟု ခန့်မှန်းရသော ခရေပင်တစ်ပင် ရှိပါသည်။ ယင်းခရေပင်သည် အမြင့် (၁၀) တောင်ခန့်ရှိပြီး အရွက်၊ အခက်၊ အညွန့်မှန်သမျှအောက်သို့သာ စိုက်ကျနေကာ အရွက်အပွင့်တို့မှာ အခြားခရေပင်များထက် ကြီးမားပါသည်။ ရုတ်တရက်ကြည့်လျှင် အပင်၏အမြစ်သည် အပေါ်သို့ရောက်နေသည်ဟု ထင်ရပြီး ခက်ရွက်များဝိုင်းလျက် မြေသို့စိုက်ကျနေသဖြင့် "ခရေပင်ဖောက်ထိုး" ဟု ခေါ်ကြပါသည်။ အပင်၏ သက်တမ်းနှစ် (၁၀၀) ခန့်ရှည်ခဲ့ပြီး မြန်မာနှစ်

mgype.com

mgyoe.com




(၁၃၄၃) ၊ ခရစ်နှစ် (၁၉၈၁) တွင် သေဆုံးခဲ့ပါသည်။

ဖျာပုံနှင့် မင်းကျောင်း၊ ခရေပင်ဓောက်ထိုးသည် ခွဲခြားမရသည့် ကျော်ဇောထင်ရှားသော အင်္ဂါရပ်များဖြစ်ပါသည်။ တစ်ချိန်က နာမည်ကျော် ထင်ရှားခဲ့သော ခရေပင်ဓောက်ထိုးဓာတ်ပုံကို မျိုးဆက်သစ်လူငယ် များတွေ့ မြင်လိုပါက မြန်မာ့စွယ်စုံကျမ်း အတွဲ (၇) စာမျက်နှာ (၃၁၅) တွင် မှတ်တမ်း တင်ထားရှိပါကြောင်း အညွှန်းပြုလိုပါသည်။

## ပဒေသရာဇ်ခေတ်ကုန်ကာလ ဖျာပုံ (သို့မဟုတ်) ရာဇဝင်ထဲက ဖျာပုံ၏နိဂုံး

ပဲ့နင်းကြီးဦးရွှေပေါ်သည် ပဲ့နင်းကြီးအုပ်ချုပ်သည့် ဖျာပုံနယ်မှ ထွက်သော အခွန်တော်များကို ဒလခရိုင်ဝန်ထံ ပို့ဆက်ရပါသည်။ တရားမ၊ ရာဇဝတ်မှုများကို ရွာအုပ်ကြီးနှင့်တန်လျှင်ရွာအုပ်ကြီးက ဆုံးဖြတ်စီရင်၍ ပဲ့နင်းကြီးနှင့်သင့်လျော်လျှင် ပဲ့နင်းကြီးက ဆုံးဖြတ်စီရင်ခဲ့ပါသည်။ ဖျာပုံ ရွာအုပ် ဦးရွှေအောင်ကိုလည်း ဖျာပုံပဲ့နင်းကြီးက ရွှေပုရပိုက်မှတ်တမ်းတွင် ရွာအုပ်ကြီးအဖြစ် ဆက်လက်ခန့်အပ်ထောက်ခံခဲ့ပါသည်။

မြန်မာနှစ် (၁၂၁၄) ခရစ်နှစ် (၁၈၅၂) တွင် အင်္ဂလိပ်မြန်မာဒုတိယ အကြိမ် စစ်ပွဲအပြီး၌ အောက်မြန်မာပြည်ကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းပိုက် လိုက်သည်နှင့် ဖျာပုံသည် ပဲ့နင်းကြီးရုံးစိုက်ရာ "မြို့" အဖြစ်မှ အင်္ဂလိပ်ပိုင်

mgyoe.com

mgyoe.com


"ရွာ" တစ်ရွာအဖြစ်သို့ ပြန်လည်လျော့ကျသွားခဲ့ပြန်ပါသည်။ ထိုအခါမှစ၍ ပုံနှင်းကြီးဦးရွှေပေါ်သည် ဖျာပုံသို့ပြန်မလာတော့ဘဲ နေပြည်တော်မှာပင် နေထိုင်သွားခဲ့ပါသည်။

ဖျာပုံဒေသတွင် မြန်မာပဒေသရာဇ်မင်းအာဏာသက်ရောက်မှု အဆုံးသတ်သွားသဖြင့် ဖျာပုံရာဇဝင်မှတ်တမ်းသည်လည်း ဤတွင်အဆုံးသတ်သွားခဲ့ပါသည်။

❒

mgyoe.com

mgyoe.com


# အပိုင်း (၂)
# ဖျာပုံထဲက သမိုင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com


## ဖျာပုံရွာနှင့် အင်္ဂလိပ်နယ်ချဲ့ပိုင်နယ်မြေ

ခရစ်နှစ် (၁၈၅၂) တွင် ဖျာပုံအပါအဝင် အောက်မြန်မာပြည်ကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းယူအပြီး၌ ဗြိတိသျှအစိုးရ၏ အာဏာစက်စတင် သက်ရောက်ခဲ့ပါသည်။ ဗြိတိသျှအစိုးရသည် ယာယီအားဖြင့် ဦးရွှေအောင်ကိုပင် ရွာအုပ်ကြီးအဖြစ် ဆက်လက်ခန့်ထားခဲ့ပါသည်။

နောက်ပိုင်းတွင် ဗြိတိသျှအစိုးရသည် နယ်အသီးသီး၌ တိုက်နယ်များခွဲခြား၍ တိုက်သူကြီးများ ခန့်အပ်ကာ အခွန်တော်တောင်းခံခြင်း၊ မြေယာချထားခြင်းများ ဆောင်ရွက်စေခဲ့ပါသည်။ ထို့အပြင် ရာဇဝတ်မှု၊ တရားမမှုကိစ္စများအတွက် မြို့အုပ်များခန့်ထား၍ အုပ်ချုပ်စေခဲ့ပါသည်။ စောစောပိုင်းတွင် ဖျာပုံရွာကို ဒလမြို့စီရင်စု "အင်းတေး (တွံတေး) မြို့အုပ်က ကြည့်ရှုခဲ့ပါသည်။ ထို့နောက်တွင် ကျိုက်လတ်မြို့အုပ်ဦးစန္ဒာက ကြည့်ရှုခဲ့ပြီး နောက်ပိုင်း၌ ဖျာပုံတွင်ပင် မြို့အုပ်ရုံး၊ ဝန်ထောက်ရုံးစိုက်၍ အုပ်ချုပ်ခဲ့ပါသည်။ သို့ဖြင့် ဖျာပုံရွာသည် တဖြည်းဖြည်း မြို့အုပ်ရုံးစိုက်ရာ "ဖျာပုံမြို့" အဖြစ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

### ဖျာပုံမြို့နှင့် မြို့အုပ်ကြီး ဦးစံသာ

၆ အောက်တိုဘာ ၁၈၇၁ ခုနှစ်၊ အထက်မြန်မာပြည် မန္တလေးနေပြည်တော်တွင် မင်းတုန်းမင်းထီးနန်းစိုးစံချိန် မင်းတုန်းမင်း၏ ကုသိုလ်တော် ရွှေတိဂုံစေတီထီးတော်သစ်ကြီး ရန်ကုန်မြို့ မြစ်ဆိပ်သို့ဆိုက်ရောက်

mgyoe.com

mgyoe.com


လာရာ ယာယီထီးတော်ရုံတန်ဆောင်းကြီးများမှာ မြေပြုပြင်ဆင်ရန် စရိတ်အတွက် ထိုအချိန်က ဖျာပုံမြို့အုပ်ကြီးဖြစ်သူ ဦးစံသာက အင်္ဂလိပ်အစိုးရမင်းများ၏ခွင့်ပြုချက်ဖြင့် ငွေ ၁ ကျပ်၊ သုံး ဒင်္ဂါး ၉၅ ပြားကို ထည့်ဝင် လှူဒါန်းခဲ့သည်ဟု ထိုစဉ်က ထုတ်ဝေသည့် "မြန်မာဂေဇက်" သတင်းစာတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

## ဖျာပုံမြို့အပါအဝင် အင်္ဂလိပ်လက်အောက်ခံ သုံးခွခရိုင်

ခရစ်နှစ် (၁၈၇၅) တွင် ဗြိတိသျှအစိုးရ၏ မြန်မာပြည်ဆိုင်ရာ မဟာမင်းကြီးဖြစ်သူ ပဲခူးတိုင်းမင်းကြီး ဆာအက်ရှလီအီဒင် (Sir Ashely Eden) က အောက်မြန်မာပြည်တွင် ခရိုင်များတိုးချဲ့ဖွဲ့စည်းစေခဲ့ပါသည်။ ထိုအခါ သုံးခွခရိုင်တွင် ဖျာပုံမြို့၊ မအူပင်မြို့၊ ကျိုက်ပိမြို့တို့ပါဝင်ခဲ့ပါ သည်။

မြန်မာနှစ် (၁၂၄၅) ခရစ်နှစ် (၁၈၈၃) တွင် ဖျာပုံမြို့ပထမလမ်းနှင့် ချောင်းတွင်းကျေးရွာတို့ဆက်သွယ်ရန် လယ်ကွင်းများကို ဖြတ်လျက် တာလမ်းဖို့ပေးခဲ့သည်ဟု မှတ်တမ်းများအရ သိရပါသည်။ ၎င်းတာလမ်းထိပ်တွင် ချောင်းတွင်းရွာမြောက်ဘက်သို့ကူးရန် မြန်မာနှစ် (၁၂၄၇) ခရစ်နှစ် (၁၈၈၅) ၌ ချောင်းတွင်းချောင်းကိုဖြတ်၍ သံတံတားကြီးဆောက်လုပ်ပေးခဲ့ပါသည်။

## ဖျာပုံနှင့် နိုင်ငံကျော် ရာမဇာတ်

အထက်မြန်မာပြည်တွင် သီပေါမင်းနန်းစံနေစဉ်ကာလ မြန်မာနှစ် (၁၂၄၅)၊ ခရစ်နှစ် (၁၈၈၃) တွင် အင်္ဂလိပ်လက်အောက်ခံ အောက်မြန်မာပြည် ဖျာပုံမြို့တောင်ပိုင်းရပ် ရွာလယ်ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးအာလောကကို အမှူးထား၍ အလှူဒါယကာ ဦးဘိုးဆိတ်၊ ဒါယိကာမ ဒေါ်စိုးတို့၏ အလှူတော်ပွဲ၌ မန္တလေးနန်းတွင်းမှ ရောက်ရှိလာသော နန်းတွင်း ရာမဇာတ်တော်ကြီးကို ကပြခဲ့ကြခြင်းဖြင့် ဖျာပုံမြို့တွင် ရာမဇာတ်တော်ကြီး အခြေချနိုင်ခဲ့ပါသည်။ နောက်တစ်နှစ်လောက်တွင် မကျီးတန်းရပ် (မန်ကျည်းတန်းရပ်) ရှိ လူငယ်များစုပေါင်း၍ ရာမဇာတ်ကို ထူထောင်ကြပြီး စဉ်ဆက်မပျက်ကပြလာကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

mgyoe.com

mgyoe.com




ဖျာပုံရာမဇာတ်သည် အရပ်သူအရပ်သားများနှင့် ကပြသည့်ရှေးနန်းတွင်းမှုကို ထိန်းသိမ်းထားသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရာမဇာတ်အဖွဲ့အဖြစ် တည်ရှိနေပါသည်။

ထို့အပြင် ရာမဇာတ်ကပြရာတွင် ယနေ့တိုင် အသုံးပြုနေသေးသော ပုံတော်ခေါင်းများသည်လည်း မန္တလေးနန်းတွင်းမှ ယူဆောင်လာခဲ့သော ရှေးလက်ရာ ပုံတော်ခေါင်းများဖြစ်သဖြင့် ရှေးဟောင်းသမိုင်းဝင် မြန်မာ့အနုပညာဆိုင်ရာ တော်ဝင်အမွေအနှစ်ပစ္စည်းများဖြစ်သည်ဟု မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

## ဖျာပုံခရိုင်နှင့် ကိုလိုနီခေတ်ဦးကာလ

မြန်မာနှစ် (၁၂၄၇) ခရစ်နှစ် (၁ ဇန်နဝါရီ ၁၈၈၆ မှစ၍ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့က သိမ်းယူပြီးဖြစ်ကြောင်း တရားဝင်ကြေညာလိုက်သဖြင့် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့တို့၏ ကိုလိုနီနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဗြိတိသျှအစိုးရလက်ထက် ဖျာပုံမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရစ်နှစ် (၁၈၉၉) မှ (၁၉၀၅) အထိ ဖျာပုံမြို့တွင် "တောင်းကော်မတီ" (Town Committee) ဖွဲ့စည်းပြီး မြို့ရေးမြို့ရာကို စီမံအုပ်ချုပ်ခဲ့ပါသည်။

mgyoe.com